# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 28, 2020 Volume 33, Number 19


## ဗဟိုဘဏ်က ဝယ်ယူနေသော်လည်း ဒေါ်လာတန်ဖိုးကျ




ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ သုံးသန်းရှစ်သိန်းဝယ်ယူလိုက်သော်လည်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး ဆက်လက်ကျဆင်းလာသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းဈေးကွက်ဖွင့်ချိန် တစ်ဒေါ်လာ ၁,၃၆၈ ကျပ်ဖြင့် စတင်ခဲ့သော်လည်း မွန်းလွဲပိုင်းတွင် တစ်ဒေါ်လာ ၁,၃၆၁ ကျပ်သို့ ကျဆင်းလာသည်။ ဇူလိုင်လအတွင်း ဗဟိုဘဏ်က ပြည်တွင်းငွေကြေးဈေးကွက်မှ ဒေါ်လာ ၂၆ သန်းခန့်ကိုဝယ်ယူခဲ့သည်။ လဆန်းပိုင်းတွင် တစ်ဒေါ်လာကျပ် ၁,၄၀၀ အောက်ကျဆင်းပြီးနောက် လလယ်ပိုင်းတွင်ကျပ် ၁,၄၀၀ အထက်သို့ ခေတ္တပြန်ရောက်ပြီးနောက် ပြန်လည်ကျဆင်းလာသည်။ ဗဟိုဘဏ်က လေလံစနစ်ဖြင့် ဒေါ်လာများ ဝယ်ယူ၊ ရောင်းချနေခြင်းသည် အချိန်တိုအတွင်း ဒေါ်လာ အတက် ၊ အကျ မများစေ ရန်နှင့် နိုင်ငံခြားသုံး၊ ရန်ပုံငွေကို ဖြည့်တင်းရန်အတွက်သာဖြစ်သည်ဟု ဗဟိုဘဏ်က ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ရှိအချိန် ဒေါ်လာတန်ဖိုးကျဆင်းခြင်းသည် လကုန်ရက်နီးလာချိန် နိုင်ငံခြားကုမ္ပဏီများက ဝန်ထမ်းလစာအတွက် ဒေါ်လာရောင်းချမှုများရှိနေခြင်း၊ ပြည်တွင်းဝယ်လိုအားနည်းခြင်းကြောင့် လူသုံးကုန်ပစ္စည်း တင်သွင်းမှုနည်းသဖြင့် ဒေါ်လာလိုအပ်ချက်နည်းခြင်းက တန်ဖိုးလျော့ကျစေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းနေချိန်ရွှေ ဈေးနှုန်း က အခေါက်ရွှေတစ်ကျပ်သားလျှင် တစ်ဆယ့်နှစ်သိန်းကိုးသောင်း လေးထောင်ကျပ်ဈေးဖွင့်သည်။ ကမ္ဘာ့ရွှေဈေးနှုန်းသည် ဇူလိုင် ၂၇ ရက်တွင် တစ်အောင်စလျှင် ၁,၉၃၉ ဒေါ်လာသို့ မြင့်တက်သည်။

Source: https://7day.news/detail?id=193685

**၂၈.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၇ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၉၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၄/- ကျပ် |
| CBM Rate | = ၁၃၆၁.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၆.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၅၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၂.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၁၁၃ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကိုဗစ်ကာလအတွင်း ဂျပန်နိုင်ငံသို့ရွှေလက်ဝတ်ရတနာ အသေးထည်များ ပြန်လည်တင်ပို့



ကိုဗစ်ကာလအတွင်း ဂျပန်နိုင်ငံသို့ ရွှေလက်ဝတ်ရတနာ ပြန်လည်ပို့ဆောင်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ ဂျပန်သို့ ပို့ဆောင်မည့် လက်ဝတ်ရတနာပစ္စည်းများ စိစစ်တန်ဖိုးဖြတ်ခြင်းကို ဇူလိုင် ၂၇ ရက်က OSSC စင်တာတွင် ကျင်းပခဲ့သည်။ “လက်စွပ်၊ ဆွဲသီးတို့၊ လက်ဝတ်ရတနာတွေ အသေးထည်လေးတွေ တင်ပို့တာပါ။ ကိုဗစ်ကာလမှာ ဂျပန်ကို ပထမဦးဆုံးပြန်ပို့တာပါ” ဟု ဦးမျိုးမြင့်က ပြောသည်။

ဂျပန်နိုင်ငံသို့ ရွှေတင်ပို့ခြင်းသည် လေးကြိမ်မြောက်ဖြစ်ပြီး ကိုရီးယားနိုင်ငံသို့ လက်ခစားစနစ်ဖြင့် ရွှေတင်ပို့ခြင်းများ ဆောင်ရွက်နေသည်။ ဘဏ်ငွေချေစနစ်ဖြင့် ဆောင်ရွက်စေခြင်းကြောင့် ပြည်ပသို့ ရွှေတင်ပို့မှုသည် ကိုဗစ်ကာလမတိုင်ခင်ကပင် ရပ်ဆိုင်းနေကြောင်း ဦးမျိုးမြင့်ကပြောကြားထားသည်။ ယခင်က ဂျပန်နှင့်ကိုရီးယားနိုင်ငံများသို့ ရွှေလက်ဝတ်ရတနာများတင်ပို့ရာတွင် လက်ငင်းငွေချေစနစ် ကျင့်သုံးခဲ့သော်လည်း ယခုအခါ နှစ်ဖက်နိုင်ငံရှိ ဘဏ်အချင်းချင်း ချိတ်ဆက်ငွေချေသည့်စနစ်ကို ပြောင်းလဲဆောင်ရွက်နေခြင်းဖြစ်သည်။

ယခင်က ရွှေတင်ပို့ခြင်းကို TC စနစ်ဖြစ်သည့် လက်ငင်းငွေချေစနစ်ကို LC စနစ်ဖြစ်သည့် ဘဏ်ဖြင့် ချိတ်ဆက်တင်ပို့ခြင်းကို ၂၀၂၀ နှစ်ဆန်းတွင် စတင်ပြောင်းလဲခဲ့သည်ဟု မြန်မာ့ရွှေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အမျိုးပိုင်ကုမ္ပဏီဒါရိုက်တာ ဦးအုန်းမြိုင်က ပြောကြားထားသည်။ လက်ရှိပြောင်းလဲလိုက်သည့်စနစ်သည် လုပ်ငန်းရှင်များ အတွက် မကိုက်ကြောင်း ၎င်းကဆိုသည်။ ရွှေတင်သွင်း၊ တင်ပို့ခြင်းကို တစ်နေရာတည်းအပြီးဆောင်ရွက်ပေးမည့် (One Stop Ser-vice) စင်တာကို ၂၀၁၈ စက်တင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်ခဲ့သည်။ One Stop Service စင်တာသည် နိုင်ငံအတွင်း ရွှေတင်ပို့၊ တင်သွင်းခြင်းကို စစ်ဆေးကြီးကြပ်ဆောင်ရွက်ပြီး တစ်နေရာတည်း၌ ခွင့်ပြုပေးမည့်နေရာဖြစ်ကာ လုပ်ငန်းရှင်များထံမှ ဝန်ဆောင်ခကောက်ယူမည်ဟု ရွှေလုပ်ငန်းရှင်အသင်းကကြေညာသည်။

**Source:** https://7day.news/detail?id=193684

## ကမ်းနီးငါးဖမ်းလှေတချို့ကို လိုင်စင်ထုတ်ပေးရန်စာရင်းကောက်နေပြီး လုပ်ကွက်များချထားပေးရန် စီစဉ်ဆောင်ရွက်နေကြောင်းသိရ



ကမ်းနီး ငါးဖမ်းလှေတချို့ကို လိုင်စင်ထုတ်ပေးနိုင်ရန် စာရင်းကောက်နေပြီး လုပ်ကွက်များချထားပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန့်ဇင်က ပြောကြားသည်။ ကမ်းနီး ငါးဖမ်းလှေများမှာ ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်း လုပ်ကိုင်ရာတွင် လိုင်စင်မရရှိသည့်အတွက် ဖမ်းဆီးခံရမှုများရှိနေရာ ကမ်းနီးလှေများကို တိကျသည့် အစင်းရေ သတ်မှတ်ချက်နှင့် လုပ်ငန်းလိုင်စင်များ အမြန်ဆုံးချထားဆောင်ရွက်ပေးရန် တောင်းဆိုလျက်ရှိသလို တိုင်းဒေသကြီးအစိုးရမှလည်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ချုပ်အား လိုင်စင်များချထားပေးရန် တိုက်တွန်းထားကြောင်း သိရသည်။ “အရင် ကမ်းနီးငါးဖမ်းလုပ်ငန်းကို အရင်တုန်းက ပေ ၃၀ ပဲပေးထားတယ်။ အခုဆိုရင် ပေ ၄၀ ပေးလိုက်တယ်။ လှေအရွယ်အစား ကြီးလာတယ်ပေါ့။ မြင်းကောင်ရေ အရင်တုန်းကဆိုရင် ၂၅ ကောင်ပဲ ပေးထားတယ်။ အခုဆိုရင် နောက်တစ်ဝက် မြင်းကောင်ရေ ၅၀ အထိပေးလာတယ်။ ကမ်းနီးလုပ်ငန်းတွေ ပိုပြီးလုပ်လာနိုင်တယ်။ အကွက်အမှတ် ၁၃ ၊ ၁၄ ၊ ၂၀ ၊ ၂၁ ငါးဖမ်းကွက်ထဲက ကျွန်းရွာတွေမှာနေတဲ့ ဆလုံလူမျိုးအပါအဝင် ကျွန်းရွာရစ်ရွာ၊ ညောင်ဝီး၊ ဂျလန်း၊ စစ်တပ်ဂလက်၊ ဇာဒက်အပါအဝင်ပေါ့။ ငါးဖမ်းလှေပေါင်းအစီးရေ ၅၀၀ ကျော်ရှိတယ်လို့ ကျွန်တော်တို့ စာရင်းကောက်ထား

တယ်။ ဒေသခံလေးတွေအတွက် နိုင်ငံတော်က လိုင်စင်လေးတွေပေးမယ်။ အဲဒီမှာပဲ ငါးဖမ်းကွက်လေးတွေ ဆောင်ရွက်ပေးဖို့ စီစဉ်ထားပါတယ်”ဟု ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသန့်ဇင်ကပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းခရိုင်တွင် ကမ်းနီးလုပ်ငန်း အများဆုံးလုပ်ကိုင်လျက်ရှိပြီး အဆိုပါဒေသ၏ အဓိကအားထားရာလုပ်ငန်းဖြစ်နေသည့်အတွက် နိုင်ငံတော်က အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန် ဒေသခံများတောင်းဆိုလျက်ရှိကြောင်းသိရသည်။ “အရင်တုန်းကတော့ ပေ ၃၀ အောက်ပေါ့။ အခုတော့ လှေအရွယ်အစားကို ပေ ၄၀ အထိ ပေးထားတယ်။ ပေ ၄၀ မှာ စက်အင်ဂျင်အားက မြင်းကောင်ရေ ၅၀ ပေါ့။ အခု အခြေအနေမှာက ငါးရှားပါးမှုအပေါ်မူတည်ပြီး ကမ်းဝေးရေပြင်အထိ လိုက်ရှာရတဲ့အနေထားဖြစ်နေတယ်။ အဲဒီမှာ ဘာဖြစ်နေသလဲဆိုတော့ နိုင်ငံတော်ကပေးထားတဲ့အတိုင်းအတာ အရွယ်အစားအပေါ်မှာ မကိုက်ညီဘူးဖြစ်နေတယ်။ စစ်ဆေးလာတဲ့အခါမှာ ကျွန်တော်တို့က Black List စာရင်းထဲမှာပါနေပြီး အဖမ်းခံနေရတယ်။ ကျွန်တော်တို့ကလည်း အဲဒီအခြေအနေမျိုးကို ကျွန်တော်တို့လည်း မဖြစ်စေချင်ဘူး။ ရေလုပ်သားတွေကိုလည်း ဒုက္ခမရောက်စေချင်ဘူး။ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ကိုစဉ်းစားပြီး လုပ်ပေးစေချင်တယ်။ လှေအရွယ်အစား၊ လိုင်စင်၊ အစီးရေသတ်မှတ်မှုနှုန်း၊ နေရာ( ငါးစားကျက် ) တွေချမှတ်ပြီးပေးစေချင်ပါတယ်။ ဒီလိုလုပ်ပေးရာမှာလည်း အစီးရေကို သတ်မှတ်ပြီး အပြီးဖြတ်လိုက်ပြီး နောက်ထပ်လှေတွေကို အရေးယူပိုင်းဆိုင်ရာ တင်းတင်းကျပ်ကျပ် ပေးစေချင်တယ်။ ရေလုပ်သားတွေက တစ်ပိုင်တစ်ပိုင် လုပ်စားနေတဲ့သူတွေများတယ်။ သူတို့မှာလည်းချေးငှားပြီး လုပ်ကိုင်စားသောက်နေရတယ်။ နိုင်ငံတော်အနေနဲ့ အဆင်ပြေဆုံးဖြစ်အောင်လုပ်ပေးဖို့ တိုက်တွန်းလိုပါတယ်”ဟု ကော့သောင်းခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်နိုင်က ပြောကြားသည်။

ကမ်းနီးလုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် ယခင်က လိုင်စင်ရရှိကာ လုပ်ကိုင်နိုင်သော်လည်း နောက်ပိုင်းတွင် လိုင်စင်ချထားပေးခြင်းမရှိသည့်အတွက် ပင်လယ်ပြင်တွင် လုံခြုံမှုမရှိဘဲလုပ်ကိုင်နေရသည်။ “ဒီဘက်ခြမ်းကဖမ်းရင် ဟိုဘက်ကိုပြေးရတယ်။ ကျွန်တော်တို့မှာ ပင်လယ်ပြင်တစ် ခေါက်ထွက်ဖို့ဆိုတာကလည်းမလွယ်ဘူး။ စရိတ်နှင့်လှေသားစရိတ်တွေ၊ ဆီစရိတ်တွေ စသဖြင့်ပေါ့။ ပင်လယ်ထဲမှာ အခက်အခဲကြုံတွေ့အရဆုံးကတော့ရေတပ်ပါပဲ။ အခုလုပ်ကိုင်နေတဲ့ လှေတွေကလည်း ၂၀၁၇-၂၀၁၈ ခုနှစ်တုန်းက ငါးလုပ်ငန်းဦးစီးဌာနက လိုင်စင်ထုတ်ပေးထားတဲ့ လှေတွေဖြစ်တယ်။ နောက်ထပ် ၂၀၂၀ တိုးလာမယ့် လှေတွေကိုလည်း လိုင်စင်မလုပ်ပေးဘဲ ထိထိရောက်ရောက်အရေးယူစေချင်တယ်။ လက်ရှိလုပ်ကိုင်နေတဲ့ လှေတွေကိုတော့ လိုင်စင်လုပ်ပေး ပါ” ဟု ကမ်းနီးရေလုပ်သား ဦးသက်စိုးကပြောကြားသည်။

ကော့သောင်းခရိုင်အတွင်း ကမ်းနီးငါးဖမ်းလှေ အစင်းရေ ၈၀၀ ကျော်အထိရှိနိုင်ကာ အများအားဖြင့် အရွယ်လွန်လှေများဖြစ်ပေါ်နေကာ နိုင်ငံတော်မှ အခွန်အခတိကျစွာရရှိနိုင်ရန် လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း ရေလုပ်သားများကပြောကြားသည်။ ကမ်းနီးလှေများ လိုင်စင်မရရှိသည့်အနေထားနှင့် ပင်လယ်ပြင်အတွင်း ရေလုပ်သားများကြုံတွေ့နေရသည့် အခက်အခဲများကို ငါးလုပ်ငန်းဦးစီးဌာနချုပ်ကို တင်ပြထားပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်ကပြောကြားသည်။

**Source:** https://news-eleven.com/article/184613

## မကွေးတိုင်းဒေသကြီးအတွင်း မိုးခေါင်နေသည့်အပြင် နေ့အပူချိန်မြင့်တက်မှုများကြောင့် သီးနှံစိုက်ခင်းပျက်စီးမှုများ နေ့စဉ်ဖြစ်ပေါ်နေပြီး နွားစာအခက်အခဲနှင့်သောက်သုံးရေအခက်အခဲများ ပိုမိုရင်ဆိုင်လာရ



မကွေးတိုင်းဒေသကြီးအတွင်း မိုးခေါင်နေသည့်အပြင် ဇူလိုင်လလယ်ပိုင်းမှစ၍ နေ့အပူချိန် မြင့်တက်လွန်းမှုများကြောင့် သီးနှံစိုက်ခင်းပျက်စီးမှုများ နေ့စဉ်နှင့်အမျှဖြစ်ပေါ်လာပြီး နွားစာအခက်အခဲနှင့် သောက်သုံးရေအခက်အခဲများကို ပိုမိုရင်ဆိုင်လာရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုတွင် ဇွန်လလယ်ပိုင်းမှစ၍ ကွက်ကျားမိုးများအဖြစ် မိုးအနည်းငယ်သာ ရွာသွန်းခဲ့ပြီး ဇူလိုင်လပိုင်းတွင် မိုးလုံးဝမရွာသည့် ဒေသများရှိလာကြောင်း၊ မိုးခေါင်နေသည့်အပြင် ဇူလိုင်လလယ်ပိုင်းမှစ၍ နေ့အပူချိန်များ

ဆက်တိုက်မြင့်တာလာမှုကြောင့် မိုးဦးသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် မြေပဲ၊ နှမ်းနှင့်အခြားသီးနှံများ အပင်ခြောက်၍ သေဆုံးမှုများရှိခဲ့ပြီး သီးနှံစိုက်ခင်းအချို့တွင် အပင်မပေါက်နိုင်သည်များရှိခဲ့ကြောင်းသိရသည်။ မိုးခေါင်မှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုမှ ကျေးရွာများတွင် နွားစာအခက်အခဲများ ကြုံတွေ့နေရပြီး ကျေးရွာအချို့သည် အလှူရှင်များလှူဒါန်းသည့် နွားစာများကိုသာ မှီခိုလာရကြောင်း မိုးခေါင်၍ ရေကန်များ ရေမတင်နိုင်သေးခြင်းကြောင့် နွေရာသီကတည်းက သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည့် ကျေးရွာများတွင် သောက်သုံးရေအတွက် ပိုမိုအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ “ကျွန်တော်တို့ တစ်သက်မှာတော့ ဒီလိုမိုးခေါင်တာမျိုး မကြုံဖူးပါဘူး။ မူလကစိုက်ထားတဲ့ စိုက်ခင်းတွေ အပင်မပေါက်နိုင်တာ၊ နှမ်းခင်းတွေ သေကုန်တာလောက်ပဲရှိပေမယ့် အခုတော့ မြေပဲခင်းတွေလည်း အပင်တွေခြောက်ပြီး သေကုန်ပါပြီ။ နွားစာအတွက်ကလည်း မြက်ခြောက်ကို အတော်ဝေးလွန်းတဲ့ နေရာတွေအထိ သွားရောက်ရိတ်ယူနေရပြီး အရင်က နွားကျွေးလေ့မရှိခဲ့တဲ့ သစ်ရွက်တွေကိုပါ နွားစာအဖြစ် ကျွေးနေရပါတယ်” ဟု ရေနံချောင်းမြို့နယ်မှ အသက် ၆၀ အရွယ်ရှိ တောင်သူတစ်ဦးက ပြောကြားသည်။

မကွေးမြို့နယ်အတွင်း သောက်သုံးရေလှူဒါန်းမှုများဆောင်ရွက်နေသည့် ဦးဇော်မင်းထိုက်က “ကန်တွေမှာ ရေမတင်နိုင်သေးတဲ့အပြင် သဘာဝစမ်းတွင်းတွေက ရေခန်းလာတာတွေ၊ အဝီစိစက်ရေတွင်းရှိပေမယ့် ပျက်တာတွေရှိလာတော့ သောက်သုံးရေအခက်အခဲက ပိုပြီးသိသာလာပါတယ်။ စိုက်ခင်းတွေပျက်တာကလည်း မူလက မိုးဦးပိုင်း မိုးနဲ့ကြီးလာတဲ့ အပင်တွေတောင် အသီးအဆံမအောင်နိုင်တော့ဘဲ ခြောက်လိုက်လာတာ မျိုးတွေတွေ့နေရပါပြီ “ဟုပြောကြားသည်။ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာအများစုတွင် မိုးဦးသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် မြေပဲနှင့်နှမ်းခင်းအများစုသည် ရာခိုင်နှုန်း ၇၀ ကျော် ပျက်စီးမည့်အခြေအနေဖြစ်ပေါ်နေကြောင်း၊ ဇူလိုင်လကုန်ပိုင်းတွင် မိုးရွာလာသည့်တိုင် နွားကျွေးနိုင်မည့်မြက်များ ရှင်သန်ကြီးထွားလာရန်ပင် ရက် ၂၀ ခန့်ကြာမြင့်မည်ဖြစ်သောကြောင့် နွားစာအခက်အခဲများကို ရေရှည်အထိ ရင်ဆိုင်လာရဖွယ်ရှိကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

**Source:** https://news-eleven.com/article/184614

## ယခုတစ်ပတ်အတွင်း စတော့ရှယ်ယာရောင်းဝယ်မှု ငွေကျပ် သန်း ၆၀ ကျော်သာရှိ၍ ယခင်တစ်ပတ်ကထက် ရောင်းဝယ်မှုသိသာစွာလျော့ကျ




ရန်ကုန်စတော့အိတ်ချိန်းမှ စာရင်းဝင် ကုမ္ပဏီခြောက်ခု၏ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ်သန်း ၆၀ ကျော်သာရှိ၍ ယခင်တစ်ပတ်ကထက် ရောင်းဝယ်မှုသိသာစွာ လျော့ကျသွားကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းများအရ သိရသည်။

ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီခြောက်ခု၏ စတော့ရှယ်ယာရောင်းဝယ်မှု မှာ စတော့ရှယ်ယာ အစောင်ရေ ၁၂၆၆၀ မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၆၄၆၁၅၁၀၀ ရှိခဲ့ပြီး ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ စတော့ရှယ်ယာရောင်းဝယ်မှုမှာ စတော့ရှယ်ယာအစောင်ရေ ၁၉၈၀၄၈၇ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၇၃၂၃၅၂၅၀၀၀ ရှိခဲ့သည့်အတွက် ယခုတစ်ပတ်အတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှာ သိသာစွာ လျော့ကျခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ရောင်းဝယ်မှု လျော့ကျခြင်းမှာ ယခင်တစ်ပတ်ကကဲ့သို့ MTSH မှ လက်ကားဈေးကွက်မရှိခြင်းနှင့် ဇူလိုင် ၂၀ ရက်က ဈေးကွက်ပိတ်ခဲ့ပြီး စတော့အရောင်းအဝယ်မှာ လေးရက်သာပြုလုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ တစ်ခုချင်းစီအလိုက် ရောင်းဝယ်မှုကိုကြည့်မည်ဆိုပါက First Myanmar Investment Public Co.,Ltd. (FMI) ၏ စတော့ရှယ်ယာရောင်းဝယ်မှုမှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာ အစောင်ရေ ၂၂၃၂ စောင်မှ စတော့ရှယ်ယာတန်ဖိုးငွေကျပ် ၂၃၂၄၉၀၀၀ ရှိခဲ့ကြောင်းသိရသည်။

ဒုတိယမြောက်စာရင်းဝင်ကုမ္ပဏီဖြစ်သည့် Myanmar Thilawa SEZ Holdings Public Co.,Ltd .(MTSH) ၏

စတော့ရှယ်ယာရောင်းဝယ်မှုမှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာအစောင်ရေ ၆၁၃၁ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၂၃၂၉၃၈၀၀ ရှိခဲ့ကြောင်းသိရသည်။ တတိယမြောက်စာရင်းဝင် ကုမ္ပဏီဖြစ်သည့် Myanmar Citizens Bank (MCB) ၏ စတော့ရှယ်ယာ ရောင်းဝယ်မှုမှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာ အစောင် ရေ ၂၉ စောင်မှ စတော့ရှယ်ယာ တန်ဖိုး ငွေကျပ် ၂၃၂ ၉၀၀ ရှိခဲ့ကြောင်း သိရသည်။ စတုတ္ထမြောက် စာရင်းဝင် ကုမ္ပဏီဖြစ်သည့် First Private Bank Limited (FPB) ၏ စတော့ရှယ်ယာရောင်းဝယ် မှုမှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာ အစောင်ရေ ၃၁၇ စောင် မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၆၉၁၈၅၀၀ ရှိခဲ့ကြောင်း သိရသည်။ ပဉ္စမမြောက်စာရင်းဝင် ကုမ္ပဏီဖြစ်သည့် TMH Telecom Public Co.,Ltd.. ၏ စတော့ရှယ်ယာရောင်းဝယ်မှု မှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာအစောင်ရေ ၇၁၀ မှ စတော့ရှယ်ယာ တန်ဖိုး ငွေကျပ် ၁၉၅၂၆၀၀ ရှိခဲ့ကြောင်းသိရသည်။ ဆဋ္ဌမမြောက် စာရင်းဝင်ကုမ္ပဏီဖြစ်သည့် Ever Flow River Group Public Co., Ltd. (EFR) ၏ စတော့ရှယ်ယာရောင်းဝယ်မှုမှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ စတော့ရှယ်ယာအစောင်ရေ ၃၂၄၁ စောင်မှ စတော့ရှယ်ယာ တန်ဖိုး ငွေကျပ် ၈၉၆၈၃၀၀ ရှိခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့ စတော့ရှယ်ယာ အရောင်းအဝယ်ကို စိတ်ပါဝင်စားသူများ၊ စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ယခုအခါ ရန်ကုန်မြို့တွင်းသာမက နယ်မြို့များ၌လည်း Securities Account ဖွင့်လှစ်ပြီး အရောင်းအဝယ် ပြုလုပ်နိုင်ပြီဖြစ်ကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62787-2020-07-28-08-42-20

## သီးမစ်လွင်ပြင်တွင် မိုးရာသီကာလ လယ်မြေ ဧက ၃၇၅၀ ၌ စပါးစိုက်ပျိုး



ချင်းပြည်နယ် ဟားခါး-ထန်တလန်သွား ကားလမ်းနံဘေးရှိ သီးမစ်လွင်ပြင်၌ သီးမစ်(တောင်)၊ သီးမစ် (မြောက်) နှင့် ဟားခါးမြို့နယ် အတွင်း စပါးစိုက်ဧက စုစုပေါင်း ၃၇၅၀ ရှိရာ ယခုနှစ် မိုးရာသီကာလ၌ အဆိုပါလယ်မြေအားလုံးကို စပါးစိုက်ပျိုးလျက်ရှိကြောင်း ဟားခါးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ''သီးမစ်လွင်ပြင်မှာ နှစ်စဉ်စပါးစိုက်ပျိုးမှု ဖြစ်ထွန်းပါတယ်။ ရှေးဘိုးဘွားစဉ်ဆက်ကစတင်ပြီး စပါးစိုက်ပျိုးခဲ့တဲ့ ဒေသလည်းဖြစ်ပါ တယ်။ သီးမစ်လွင်ပြင်မှာ စပါးစိုက်ဧက ၁၄၀ ဝန်းကျင်ရှိပါတယ်။ နှစ်စဉ် ဒီဘက်ဒေသနဲ့ ကိုက်ညီတဲ့ ရွေရင်အေး စပါးမျိုးကို စိုက်ပျိုးပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက တစ်ဧကကိုစပါး ၉၀ သလမ ၅ တင်းနှုန်းထွက်ရှိပါတယ်။ အဓိကအားဖြင့် ဒီဘက်မှာ သီးမစ်ချောင်းကနေ့ မိုး၊ ဆောင်းရေမပြတ်ရရှိတဲ့အတွက် အသီးအနှံဖြစ်ထွန်းအောင်မြင်ပါတယ်။

လွင်ပြင်နေရာမှာ စိုက်ပျိုးရတာဖြစ်တဲ့တွက် အပူချိန်ပိုရရှိပါတယ်။ စိုက်ပျိုးရေး၊ ထွန်ရေး၊ ထယ်ရေး လွယ်ကူတဲ့ဒေသလည်းဖြစ်ပါတယ်။ အခုဆိုရင် သီးမစ်ဒေသမှာ စပါးသာမက စတော်ဘယ်ရီ၊ လိမ္မော်စတဲ့ အပင်တွေကိုလည်း တောင်ကုန်း၊ တောင်တန်းတွေပေါ်မှာ စိုက်ပျိုးမှုတွေ တိုးချဲ့ဆောင်ရွက်နေပါတယ်'' ဟု ဟားခါးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဟုန်းကီးက ပြောသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ဟားခါးခရိုင် တစ်ခုလုံး စပါးစိုက်ဧက ၇၆၀၄ ဧကရှိပြီး ဟားခါးမြို့နယ်၌ ရာသီပေါ် သီးနှံ၊ နှစ်ရှည်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ပြီးခဲ့သည့် သုံးနှစ်ဝန်းကျင် ကာလမှအစပြု၍ ဟားခါးမြို့နယ်၌ စပါး၊ ပြောင်း၊ဝဥ၊ စတော်ဘယ်ရီ၊ လိမ္မော်၊ စပျစ်၊ ချင်း၊ ကြက်သွန်၊ ဂေါ်ရခါးနှင့် မီးဖိုချောင်သုံး အသီးအနှံများထွက်ရှိကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/news/localnews/item/62790-2020-07-28-09-16-23

## ကမ္ဘာ့ရွှေဈေးရုတ်တရက်မြင့်တက်ပြီး ဒေါ်လာဈေးထိုးကျ ရွှေဈေးဆက်တက်ဖို့အလားအလာရှိ



ကမ္ဘာ့ကပ်ရောဂါကတော့ ကမ္ဘာကြီးအပေါ် ရိုက်ခတ်မှု အင်မတန်မှပြင်းထန်ပါတယ်။ လူတွေသေဆုံးရတယ်။ စီးပွားရေးတွေ ကမောက်ကမဖြစ်ရတယ်။ မသေချာတဲ့ အနာဂတ်တွေကို ထွက်ပေါ်လာစေပါတယ်။ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးနဲ့အတူ အသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုးတွေ၊ စားသုံးမှုတွေ ကျဆင်းလာနိုင်တယ်လို့ ကမ္ဘာ့ဘဏ်အပါအဝင် စီးပွားရေးပညာရှင်တွေက ခန့်မှန်းထားပါတယ်။

ဒါပေမဲ့ သူတို့ခန့်မှန်းထားတဲ့အထဲမှာ ရွှေဈေးတက်မယ်လို့တော့ မပါဝင်ပါဘူး။ သို့သော်လည်း ရွှေဈေးတက်မယ်ဆိုတာကိုတော့ စီးပွားရေးသမား အများစုက ခန့်မှန်းပြီးသားဖြစ်မှာပါ။ အခုတော့ စီးပွားရေးသမားတွေ ခန့်မှန်းထားတဲ့အတိုင်းဖြစ်လာပြီလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့ရွှေဈေး ရုတ်တရက် ထိုးတက်လာလို့ပါပဲ။ ကပ်ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုကို တစ်ဖက်တစ်လမ်းကနေ ကာမိစေဖို့အတွက် ရင်းနှီးမြှုပ်နှံသူတွေရဲ့ လုပ်ဆောင်ချက်ကြောင့် ဇူလိုင် ၂၇ ရက် ကမ္ဘာ့ရွှေဈေးအဖွင့်ဟာ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၂၀၀၀ နီးပါးအထိရုတ်တရက်မြင့်တက်လာတာပါ။ အခုရွှေဈေးဟာ ပြီးခဲ့တဲ့ ၁၄ လအတွင်းမှာ ၅၃ ရာခိုင်နှုန်းအထိ မြင့်တက်လာတာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့စံချိန်တင် ရွှေဈေးရဲ့စံချိန်ကိုလည်းချိုးသွားပါပြီ။

ကမ္ဘာ့စံချိန်တင်ရွှေဈေးကတော့ ၂၀၁၁ ခုနှစ်မှာ ဖြစ်ပေါ်တဲ့ ရွှေဈေးဖြစ်ပြီး တစ်အောင်စကို ၁၉၂၀ ဒသမ ၃၀ ဒေါ်လာ ရှိပါတယ်။ အခုရွှေဈေးကတော့ ဈေးကွက်အဖွင့်မှာကိုတင် တစ်အောင်စကို ၁၉၄၅ ဒေါ်လာနဲ့ ဖွင့်လာတာပါ။ ဆက်လက်ပြီး တော့လည်း မြင့်တက်နေဆဲဖြစ်ပါတယ်။ ရွှေဈေးမြင့်တက်ရတဲ့ အကြောင်းရင်းတွေကတော့ အများကြီးရှိပါတယ်။ အထက်မှာ ဆိုခဲ့သလို ရင်းနှီးမြှုပ်နှံသူတွေရဲ့ ရွှေဝယ်ယူစုဆောင်းမှုအပြင် အမေရိကန်ဒေါ်လာဈေးထိုးကျမှု၊ စတော့ဈေးကွက် ယိမ်းယိုင်မှုနဲ့ အမေရိကန်-တရုတ်ကုန်သွယ်ရေး၊ နိုင်ငံရေးအဘက်ဘက်မှ တင်းမာမှုတို့ကလည်း ရွှေဈေးကိုရုတ်တရက် ထိုးတက်စေတဲ့အကြောင်းရင်းတွေပါပဲ။

ရင်းနှီးမြှုပ်နှံသူတွေရဲ့ ရွှေဝယ်ယူ စုဆောင်းမှုဟာ ဒီနှစ် ပထမနှစ်ဝက်မှာ ၇၃၄ တန်ရှိပြီး တန်ကြေးအားဖြင့်တော့ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅ ဘီလီယံရှိတယ်လို့ ကမ္ဘာ့ရွှေကောင်စီရဲ့ထုတ်ပြန်ချက်အရသိရပါတယ်။ အမေရိကန် ဒေါ်လာဈေးဟာဆိုရင်လည်း နှစ်နှစ်နီးပါးအတွင်းမှာ အနိမ့်ဆုံးအဆင့်ကို ထိုးကျတာဖြစ်ပါတယ်။ ဒါကြောင့် တစ်နည်းအားဖြင့် ပြောရရင် ဒေါ်လာနေရာမှာ ရွှေကအစားထိုးဝင်ရောက်နေရာယူတယ်လို့ဆိုကြပါတယ်။ စတော့ဈေးကွက်ဆိုရင်လည်း တစ်ကမ္ဘာလုံးမှာကျဆင်းမှုနဲ့ ရင်ဆိုင်နေရတာကြောင့် တည်ငြိမ်မှုမရှိတာကိုတွေ့နေရပါတယ်။ အမေရိကန်နဲ့တရုတ်တို့ ကြားကတော့ နိုင်ငံရေးမှာဆိုရင် အခုနောက်ဆုံးဖြစ်ခဲ့တဲ့ ကောင်စစ်ဝန်ရုံးတွေကိုပိတ်ခိုင်းမှု၊ စီးပွားရေးမှာ ဆိုရင် ကုန်သွယ်ရေးစစ်ပွဲကို ပြေငြိမ်းစေမယ့် အဆင့်တစ်ကုန်သွယ်ရေး သဘောတူညီချက်ကိုတောင်မှ ထိရောက်စွာ အကောင်အထည်မဖော်နိုင်မှု၊ စစ်ရေးမှာဆိုရင် အမေရိကန်က တောင်တရုတ်ပင်လယ်မှာသာမက အိန္ဒိယသမုဒ္ဒရာထဲမှာပါ စစ်အင်အားပြမှုတွေ ရှိနေတဲ့အတွက် နှစ်နိုင်ငံကြား စစ်မဖြစ်ရုံတမယ်အခြေအနေဖြစ်နေပါတယ်။ သူတို့နှစ်နိုင်ငံရဲ့ တင်းမာမှု က ကမ္ဘာ့စီးပွားရေးကို ရိုက်ခတ်စေပြီး ကမ္ဘာ့ရှယ်ယာဈေးကွက်တွေကိုလည်း မတည်မငြိမ်ဖြစ်စေတာဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးရုတ်တရက် မြင့်တက်လာရတဲ့ တခြားအကြောင်းရင်းတွေလည်းရှိပါသေးတယ်။ အဲဒါတွေကတော့ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးနဲ့နိုင်ငံရေး မသေချာမှုတွေ မြင့်တက်လာမှု၊ ဈေးကွက်အတွင်းမှာ ငွေသား လည်ပတ် စီးဆင်းမှုများပြားစေဖို့အတွက် ဗဟိုဘဏ်တွေက ဘဏ်အတိုးနှုန်းတွေကို လျှော့ချမှုတို့ပါပဲ။ ကမ္ဘာ့နိုင်ငံတွေရဲ့ စီးပွားရေးနဲ့နိုင်ငံရေးဟာ ဒီနေ့အချိန်မှာ လွန်စွာမှကို ရှုပ်ထွေးနေပါတယ်။ စီးပွားရေးလေး လုပ်မယ်ကြံလိုက် ဗိုင်းရပ်ကူးစက်မှု တိုးလာလို့ ရပ်ဆိုင်းရလိုက်၊ အသွားအလာကန့်သတ်မှုတွေလုပ်ရလို့ ဝယ်ယူစားသုံးမှုနှုန်းကျ သွားလိုက်၊ ကုန်ထုတ်လုပ်မှု မှာလည်း ကျဆင်းရလိုက်နဲ့ မတည်မငြိမ်ဖြစ်မှုတွေ များနေပါတယ်။ အဲဒီအပေါ်မှာလိုက်ပြီး မူဝါဒချမှတ်သူတွေက ခိုင်မာတဲ့ မူဝါဒကို မချမှတ်ပေးနိုင်တာကြောင့် မရေရာမသေချာမှုတွေ တစ်နေ့ထက်တစ်နေ့ များပြားလာနေပါတယ်။ ဒါကြောင့်

ရင်းနှီးမြှုပ်နှံသူတွေက ရွှေကိုဝယ်ယူ စုဆောင်းမှုတွေလုပ်လာကြတာပါ။ ရွှေဈေးမြင့်တက်ခြင်းကြောင့် တခြားတစ်ဖက်မှာ ရိုက်ခတ်မှုတွေလည်းရှိပါတယ်။ ငွေကြေးဖောင်းပွမှု နှုန်းမြင့်တက်လာနိုင်ပါတယ်။ တစ်နည်းပြောရရင် ပိုင်ဆိုင်မှုပစ္စည်းတွေရဲ့ တန်ဖိုးတွေကျဆင်းမှု ဖြစ်လာနိုင်ပါတယ်။ ရွှေဟာ ခိုင်မာစိတ်ချရတဲ့ ပိုင်ဆိုင်မှုလို့ဆိုစမှတ်ရှိတာကြောင့် ရင်းနှီးမြှုပ်နှံသူတွေဟာ မရေရာမသေချာတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ စတော့ရှယ်ယာတွေ၊ ငွေကြေးဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံမယ့်အစား ရွှေကိုသာပုံပြီး ဝယ်ယူလာနိုင်ပါတယ်။ ဒါကြောင့် ရွှေဈေးဟာ တစ်အောင်စကို ဒေါ်လာ ၂၀၀၀ အထိအပြင် အဲဒီထက်ပိုပြီး တက်လာနိုင်ပါတယ်။ ရွှေဈေးနဲ့အတူ ငွေဈေးကလည်းလိုက်ပါ မြင့်တက်လာပြီဖြစ်ပါတယ်။

စီးပွားရေးပညာရှင်တွေရဲ့ အဆိုအရဆိုရင် ငွေကြေးဆိုတာ စက်နဲ့ရိုက်ထုတ်လိုက်ရင် ရိုက်ထုတ်သလောက် ထွက်လာနိုင်တဲ့အရာ ဖြစ်တာကြောင့် တန်ဖိုးကျဆင်းလွယ်ပေမယ့် ရွှေတို့၊ ငွေတို့ကျတော့ ဒီကနေ့လိုမျိုး မသေချာမရေရာမှုများတဲ့ ကာလဖြစ်လေ တန်ဖိုးမြင့်တက်လေပဲဖြစ်ပါတယ်။

**Source:** http://www.myawady.net.mm/news/globalnews/item/62802-2020-07-28-09-34-04

## ငရုတ်သီးဈေးကွက် ရေရှည်ကောင်းမွန်စေဖို့ Quality ထိန်းသိမ်းစိုက်ပျိုးရန် အဓိကလိုအပ်



ငရုတ်သီးဈေးကွက် ရေရှည်ကောင်းမွန်စေရေးအတွက် အရည်အသွေး ထိန်းသိမ်းစိုက်ပျိုးရန် အဓိကလိုအပ်ကြောင်း မြန်မာ့ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။ ဒီလောက် မြန်မာပြည်ကငရုတ်သီးကို ဝယ်ယူနေကြတာ သူတို့နိုင်ငံတွေမှာရော မစိုက်ပျိုးတော့ဘူးလားဆိုတာမျိုးလေး တွေးစရာရှိပါတယ်။ နောက်ပိုင်းမှာ သူတို့ကိုယ်တိုင် စိုက်ပျိုးလာမယ့် အခြေအနေမျိုးလည်း ဖြစ်လာနိုင်သလို၊ ဈေးနှုန်းမကျဆင်းသွားအောင် ရေရှည်ထိန်းထားနိုင်ဖို့အတွက်က အရည်အသွေး Quality ကောင်းကောင်း စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ သိပ်အရေးကြီးပါတယ်ဟု မြန်မာ့ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။

မြန်မာနိုင်ငံမှငရုတ်သီးကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချနေပြီး Covid-19 ဖြစ်စဉ်နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်းသိရသည်။ လတ်တလောဈေးကွက် အတက်အကျကတော့ ခန့်မှန်းလို့မရသေးပါဘူး။ အစတုန်းက ငရုတ်သီး (အနီ)က ဈေးပိုမြင့်တယ်။ အခုရက်မှာ ငရုတ်သီး (အစိမ်း)က ဈေးနည်းနည်းပြန်တက်လာတယ်ဟု ဒေါ်ဥမ္မာကျော်က ဆက်လက်ပြောသည်။ လက်ရှိဈေးကွက်တွင်း ငရုတ်သီးအနီတောင့် တစ်ပိဿာလျှင် (၁၂၀၀)ကျပ်မှ (၁၃၀၀)ကျပ်၊ ငရုတ်သီးအစိမ်းတောင့် တစ်ပိဿာလျှင် (၁၅၀၀) ကျပ် ဈေးနှုန်းများဖြင့် လက်ကားရောင်းဝယ်ဖောက်ကားနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/need_to_quality_control_of_chili

## အသားဈေးကွက်ပြန်လည် လည်ပတ်လာသော်လည်း ဈေးနည်းနေသေးတဲ့ ပြည်တွင်းဆိတ်ဈေးကွက်



မြန်မာနိုင်ငံတွင်း COVID-19 စတင်ဖြစ်ပွားချိန်မှ စတင်ကာ ဆိတ်အရောင်းအဝယ်အေးစက်နေခဲ့ရာမှ ယခုသီတင်းပတ်အတွင်း အနည်းအကျဉ်း ပြန်လည်အရောင်းအဝယ်ဖြစ်လာခဲ့ပေမယ့် ဆိတ်ဈေးနှုန်းအနေနဲ့ တစ်ပေါင်ကို ၁,၄၀၀ ကျပ်မှ ၁,၆၀၀ ကျပ် အတွင်းသာ အရောင်းအဝယ်ဖြစ်နေပါတယ်။

ပြည်ပတင်ပို့ရောင်းချမှုမရှိတဲ့အတွက် မတ်လဝန်းကျင်မှ စတင်ကာ အရောင်းအဝယ်အေးစက်ခဲ့တဲ့ ဆိတ်ဈေးကွက်မှာ ယခုရက်ပိုင်းအတွင်း မန္တလေး၊ တံတားဦး၊ စဉ့်ကိုင်၊ မိတ္ထီလာ၊ ရေနံချောင်း၊ ချောက်၊ စလင်းစတဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့နဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး

တို့ရှိ မြို့နယ်အချို့မှာ အရောင်းအဝယ် အနည်းအကျဉ်းသာဖြစ်ခဲ့ပါတယ်။

ပြည်ပကို မတင်ပို့နိုင်သေးတဲ့အတွက် အသားဈေးကွက်အတွက်သာ ရောင်းချနေရကြပြီး ဈေးလည်းယခင်လောက် မရကြောင်း တံတားဦးမြို့နယ်မှ ဆိတ်ကုန်သည် ဦးစိုးမြင့်က AMIA သို့ ပြောဆိုထားတာကိုလည်းတွေ့ရပါတယ်။ "ဒါပေမယ့် ဆိတ်ဈေးကွက် အေးနေတာထက်စာရင် အခုလို အရောင်းအဝယ်ပြန်ဖြစ်လာတာက ဆိတ်ဈေးကွက်ရှင်သန်နေတယ်လို့ဆိုရမှာပဲ" လို့ ၎င်းကဆိုပါတယ်။ လက်ရှိမှာ ပြည်တွင်း၊ ပြည်ပဆိတ်ဈေးကွက်ရပ်တန့်နေတာမှာ ငါးလကျော် ကြာမြင့်နေပြီဖြစ်ပြီး ယခင် အရောင်းအဝယ်ဖြစ်တဲ့ ကာလများတုန်းက ဆိတ်သားတစ်ပေါင်ကို ၂,၃၀၀ ကျပ်မှ ၂,၇၀၀ ကျပ်အထိ ဖြစ်ပေါ်ခဲ့တယ်လို့ သိရှိရပါတယ်။

**Source: AMIA,**https://www.facebook.com/pissayainfo/?ref=py_c

## ကားသစ်ရောင်းချရမှု ယခင်နှစ်ထက်မြင့်တက်

မြန်မာနိုင်ငံတွင် ကားသစ်ရောင်းချရာ၌ မေလအထိစာရင်းများအရ ယခင်နှစ်ကာလတူထက် ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ASEAN Automotive Federation (AAF) ၏ ထုတ်ပြန်ချက်အရသိရသည်။ ထို့ပြင် AAF ၏ ၂၀၂၀ ပြည့်နှစ် မေလအထိစာရင်းများအရ မြန်မာနိုင်ငံ၏ Brand New ကားသစ်ရောင်းချရမှုမှာ ၇,၅၅၂ စီးရှိခဲ့ပြီး၊ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ကာလတူတွင် ကားသစ်ရောင်းချခဲ့ရမှုမှာ ၇,၂၁၅ စီးရှိခဲ့သည့်အတွက် ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း AAF က ထုတ်ပြန်သောစာရင်းများအရသိရသည်။

၂၀၂၀ ပြည့်နှစ်၏ Brand New ကားသစ်ရောင်းချခဲ့ရမှုများမှာ ဇန်နဝါရီလတွင် ၂,၀၃၄ စီး၊ ဖေဖော်ဝါရီလတွင် ၂,၂၈၆ စီး၊ မတ်လတွင် ၁,၉၇၉ စီး၊ မေလတွင် ၁,၂၅၃ စီး အသီးသီးရှိခဲ့ကြောင်းသိရသည်။ ယခုနှစ်တွင် လက်ရှိဖြစ်ပွားနေသည့် COVID-19ကြောင့် ပြီးခဲ့သည့်ဧပြီလတွင် ယာဉ်သစ်ထုတ်လုပ်မှုနှင့်ရောင်းချရမှု လုံးဝမရှိခဲ့ကြောင်းသိရသည်။ ၂၀၂၀ ပြည့်နှစ် မေလအထိစာရင်းများအရ မြန်မာနိုင်ငံ၏ ကားသစ်ထုတ်လုပ်မှုမှာ ပြီးခဲ့သည့်နှစ်ကာလတူထက် ၂၂ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။

၂၀၂၀ ပြည့်နှစ်၏ Brand New ကားသစ်ထုတ်လုပ်မှုမှာ ဇန်နဝါရီလတွင် ၁,၄၀၁ စီး၊ ဖေဖော်ဝါရီလတွင် ၁,၃၈၈ စီး၊ မတ်လတွင် ၁,၂၁၄ စီး၊ မေလတွင် ၇၀၃ စီး အသီးသီးရှိခဲ့သည်။ ASEAN Automotive Federation (AAF) ၏ ၂၀၂၀ ပြည့်နှစ် မေလအထိစာရင်းများအရ အာဆီယံဒေသတွင်းနိုင်ငံများ၏ ယာဉ်သစ်ထုတ်လုပ်မှုတွင် ၃၉ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ယာဉ်သစ်ရောင်းချရမှုတွင်လည်း ၄၂ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်းသိရသည်။

**Source: The Voice**

https://news.ydnp.net/357835/

## စီးပွားရေးအသွင်ကူးပြောင်းရေးမူဝါဒများ ပြန်လည်ရေးဆွဲရန်လိုအပ်ဟုဆို

ကုန်ထုတ်စွမ်းအား၊ ရင်းနှီးမြုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေရန် စီးပွားရေးအသွင်ကူးပြောင်းရေးကို အထောက်အကူဖြစ်စေသည့် မူဝါဒများပြန်လည်ရေးဆွဲရန် လိုအပ်နေသည်ဟု မြန်မာနိုင်ငံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ စစ်တမ်း ၂၀၁၉ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာကို စီမံကိန်း ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ စီးပွားရေးသုတေသနအဖွဲ့တို့ကပူးပေါင်း၍ ဒိန်းမတ်သံရုံးက ယနေ့ ဇူလိုင် ၂၇ ရက်နေ့တွင် ထုတ်ပြန်ခြင်းဖြစ်သည်။ ယခုထုတ်ပြန်သည့် အစီရင်ခံစာသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် များတွင်လေ့လာခဲ့သည့် စစ်တမ်း ၂ ခုစလုံးတွင်ပါရှိသော လုပ်ငန်း ၂၂၀၀ ကျော်ကို ကောက်ယူတွေ့ရှိထားသည့် အချက်အလက်များကို အခြေခံထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ် သံအမတ်ကြီး မစ္စတာဂျွန်နေလ်ဆင်က “မြန်မာ့ရဲ့ စီးပွားရေးစနစ် အသွင်ကူးပြောင်းတဲ့ နေရာမှာ အလားအလာကြီးမားတဲ့ ပုဂ္ဂလိကထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးက အဓိကပါဝင်ပါတယ်။ ဒီလိုအနာဂတ်မှာ

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် မူဝါဒတွေနဲ့ စီးပွားရေးဝန်းကျင်အပေါ်မှာ အများကြီးမူတည်ပါတယ်”ဟု ယင်း အစီရင်ခံစာတွင် ပြောကြားထားသည်။

အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုကဏ္ဍက ၂၀၁၇ ခုနှစ်ထက် ၂၀၁၉ ခုနှစ်တွင် ပိုမိုထုတ်လုပ်နိုင်စွမ်းရှိခြင်း၊ အကြီးစားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းနှင့် အချိန်ပြည့်အလုပ်သမားခန့်ထားမှု တိုးတက်လာခြင်းများ တွေ့ရသည်ဟုလည်း ၎င်းကသုံးသပ်သည်။ ယင်းအပြင် အသေးစားလုပ်ငန်းများသည် ကုန်ကြမ်းရယူမှုနှင့် ရောင်းချမှုတို့တွင် ပြည်တွင်း၌သာ ဆောင်ရွက်မှုမြင့်မားသော်လည်း အလတ်စားနှင့်အကြီးစားလုပ်ငန်းများသည် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ရာတွင် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် အမြင်ကျယ်လာကြောင်း တွေ့ရှိရသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ကြောင့် ထုတ်လုပ်နိုင်စွမ်းရှိသော စက်မှု လုပ်ငန်းသည် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပြီး တကမ္ဘာလုံးနှင့်ချိတ်ဆက်၍ ကုန်သွယ်မှုအခွင့်အလမ်းများကို တိုးတက် စေခြင်းက ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်၍ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သောကြောင့် စီးပွားရေးအသွင် ကူးပြောင်းမှုကို အထောက်အကူဖြစ်စေသည့် မူဝါဒများ ပြန်လည်ရေးဆွဲရန် လိုအပ်နေသည်ဟု ထောက်ပြထားသည်။

စစ်တမ်းတွေ့ရှိချက်အရ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ အလုပ်သမားများ၏ အလုပ်အကိုင်မတည်မငြိမ်နှင့် စိတ်ချရမှုမရှိခြင်းကို ညွှန်ပြနေသော်လည်း တဖက်တွင်အလုပ်သမားဈေးကွက်သည် ပြောင်းလွယ်ပြင်လွယ်ရှိပြီး စရိတ်နည်းနည်းနှင့် အလုပ်ရှာဖွေ နိုင်သည်ဟု ယူဆနိုင်ကြောင်းလည်းသိရသည်။ စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က “ကျနော်တို့အဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာ အထောက်အထား အခြေပြုတဲ့မူဝါဒများချနိုင်ဖို့နဲ့ စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ကိန်းဂဏန်းအချက်အလက်နဲ့စာရင်းတွေ ထောက်ပံ့ ပေးနိုင်ဖို့ ထုတ်တာဖြစ်တယ်”ဟု ပြောကြားသည်။

မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ စစ်တမ်း ၂၀၁၉ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများချမှတ်ရာတွင် ကောင်းမွန်သောအရည်အသွေးများ တိုးတက်လာစေရန်အတွက် ထိရောက် သော အထောက်အပံ့တခုမျှော်လင့်ကြောင်းလည်း ၎င်းကဆိုသည်။ အစီရင်ခံစာထုတ်ပြန်နိုင်ရန်အတွက် ဒိန်းမတ်နိုင်ငံအစိုးရက ငွေကြေးထောက်ပံ့ထားပြီး ကိုပင်ဟေဂင်တက္ကသိုလ်မှ စီးပွားရေးဖွံ့ဖြိုးမှုသုတေသနအဖွဲ့နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုအဖွဲ့တို့မှ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ပေးကာ စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဗဟို စာရင်းအင်းအဖွဲ့က ဦးစီးဆောင်ရွက်ခြင်းဖြစ်သည်။

**Source:** https://burma.irrawaddy.com/business/2020/07/27/226998.html

## တရုတ်-ထိုင်းနှစ်နိုင်ငံမှ ‘တတိယနိုင်ငံမှ သစ်သီးများ တင်သွင်းတင်ပို့မှုပိုးမွှားကင်းစင်ရေးသဘောတူညီချက်’ချုပ်ဆိုမည်ဖြစ်



ထိုင်းသတင်းမီဒီယာများ၏ဖော်ပြချက်အရ ထိုင်းနိုင်ငံအစိုးရသည် ထိုင်းစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံအကောက်ခွန် ဌာနချုပ်တို့မှ‘တတိယနိုင်ငံမှ သစ်သီးများတင်သွင်း တင်ပို့မှုပိုးမွှား ကင်းစင်ရေးသဘောတူညီချက်’ ချုပ်ဆိုရန် ခွင့်ပြုပေးခဲ့ပြီး ထိုင်းသစ်သီးများ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် အဆင်ပြေစေရန် ပိုမိုများပြားသော နယ်စပ်စစ်ဆေးရေးဂိတ်နှင့် သယ်ယူပို့ဆောင် ရေးလမ်းကြောင်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်း နိုင်ငံဝန်ကြီးချုပ်ရုံး ဒုတိယပြောရေးဆိုခွင့်ရှိသူက မကြာသေးမီ ရက်ပိုင်းက ပြောကြားခဲ့ကြောင်းသိရပါသည်။ အဆိုပါသဘောတူညီချက်စာချုပ်တွင် ထိုင်းနိုင်ငံမှသစ်သီးများ တရုတ်နိုင်ငံ တင်ပို့သည့်လမ်းကြောင်းအပြင် တရုတ်နိုင်ငံမှသစ်သီးများ ထိုင်းနိုင်ငံ တင်ပို့သည့်လမ်းကြောင်းများကိုလည်း သတ်မှတ်ခဲ့ပြီး ချင်းခုံးဂိတ်နှင့် တရုတ်နိုင်ငံ ယူနန်မော်ဟန့်ဂိတ်စခန်း၏ R3 လမ်းကြောင်းမှတစ်ဆင့်နှင့် သက်ဆိုင်ရာပိုးမွှားကင်းစင်ရေး

လုပ်ဆောင်ရမည့် အချက်များပါဝင်ကြောင်းသိရပါသည်။ ထို့ပြင် သဘောတူညီချက်စာချုပ်တွင် နှစ်နိုင်ငံတင်ပို့တင်သွင်းမည့် သစ်သီးများကို အပြန်အလှန်ခွင့်ပြုချက်ရယူရန်၊ ထုပ်ပိုးမှုဆိုင်ရာအချက်အလက်များတင်ပြရန်၊ တင်သွင်းမည့် သစ်သီး များအား နမူနာယူစစ်ဆေးရန် လိုအပ်ချက်၊ သယ်ယူပို့ဆောင်သည့်လမ်းကြောင်းတွင် တတိယနိုင်ငံသို့ဖြတ်ကျော်ရာ၌ သစ်သီးကွန်တင်နာများဖွင့်လှစ်ခြင်းတားမြစ်ချက်များဖြင့် တောင်းဆိုထားကြောင်းသိရပါသည်။ ထိုင်းနိုင်ငံသစ်သီးများသည် တရုတ်နိုင်ငံ၏ နယ်စပ်စစ်ဆေးရေးဂိတ် (၄)ခု ဖြစ်သော မော်ဟန့်ဂိတ်၊ ချစ်ကြည် ရေးဂိတ်၊ တုန်းရှင်းဂိတ်နှင့် ဖျင်ရှန်နယ်စပ်ဂိတ်စခန်းများမှ တင်ပို့နိုင်ကြောင်းသိရသည်။ ထိုအနက် တုန်းရှင်းနှင့်ဖျင်ရှန်ဂိတ်စခန်းသည် ယခုနှစ်ဧပြီလနှောင်းပိုင်းတွင် ထိုင်းနိုင်ငံသစ်သီးများ တင်ပို့နိုင်ရန် တရားဝင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

**Source:** www.chinafruitportal.com https://www.facebook.com/shweliayarnews/

## တရုတ်ဘီလျံနာများ ကုန်ကျစရိတ်များသက်သာရန်နှင့်တည်ငြိမ်ရန် စင်ကာပူနိုင်ငံကိုမျက်စိကျလာခြင်းကြောင့် ဟောင်ကောင်စည်းမျဉ်းစည်းကမ်းများ ရုပ်သိမ်းရန်လိုအပ်ခြင်း

ဟောင်ကောင်ဒေသသည် နိုင်ငံရေးနှင့်စီးပွားရေးအခြေအနေများကြောင့် စင်ကာပူနိုင်ငံနှင့် ယှဉ်ပြိုင်နိုင်ရန် ဟောင်ကောင်အစိုးရအနေဖြင့် ဒေသခံရုံးများအပေါ်ဆောင်ရွက်သည့် စည်းမျဉ်းစည်းကမ်းများ ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံသည် ဟောင်ကောင်ဒေသ၏ ယှဉ်ပြိုင်ဘက်ဖြစ်လာနိုင်ကြောင်း၊ မကြာခင်ကာလက မိတ်ဆက်ခဲ့သည့် နယ်စပ်ဖြတ်ကျော် ငွေသားများစီးဆင်းမှု အဆင်ပြေချောမွေ့စေရန်အတွက် ပိုင်ဆိုင်မှုစီမံခန့်ခွဲမှု အစီအစဉ်ကြောင့် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အရေးပေါ်ဆောင်ရွက်ရန် လိုအပ်နေခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးရှိ စတော့ရှယ်ယာရောင်းဝယ်ရာဌာန၌ စတော့ရှယ်ယာဈေးနှုန်းများ ရုတ်တရက်မြင့်တက်မှုကြောင့် ကုမ္ပဏီများအတွက် အခွင့်အလမ်းကောင်းများဖြစ်စေကြောင်း၊ ဒေသခံရုံးများအတွက် လိုင်စင်လိုအပ်မှုကိုဖယ်ရှားခြင်းဖြင့် ဒေသ၌ရင်းနှီးမြှုပ်နှံမည့်ဘီလီလျံနာများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ စတော့ရှယ်ယာဈေးကွက် အခြေအနေကောင်းမွန်ခြင်း၊ တရားဥပဒေစိုးမိုးမှုနှင့် ငွေသားများလွတ်လပ်စွာစီးဆင်းနိုင်မှုကြောင့် ဟောင်ကောင်ဒေသ၌ တရုတ်ပြည်မကြီးမှ ရုံးများတည်ထောင်လိုခြင်းဖြစ်ကြောင်း၊ တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ၊ အစိုးရဆန့်ကျင်ဆန္ဒပြမှုများ၊ အမျိုးသားလုံခြုံရေး ဥပဒေပြဋ္ဌာန်းခဲ့ခြင်းနှင့် ဟောင်ကောင်နှင့်အခြားပြည်ပနိုင်ငံများတွင် အခြေစိုက်ရင်းနှီးမြှုပ်နှံထားသော တရုတ်လူမျိုးများကိုထိန်းချုပ်မည့် တရုတ်နိုင်ငံ၏ အခွန်စနစ်တို့ကြောင့် ဟောင်ကောင်၏ဆွဲဆောင်မှုကောင်းသည့်အချက်အပေါ် သက်ရောက်မှုများ ခံစားနေရကြောင်း၊ သတ်မှတ်ထားသော စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သည့်ကုမ္ပဏီများအနေဖြင့် အမျိုးသားလုံခြုံရေးဥပဒေ၏ သက်ရောက်မှုများ မရှိနိုင်ကြောင်း၊ ဟောင်ကောင်အစိုးရအနေဖြင့် အထောက်အပံ့ပြုရန် ဥပဒေပြုကောင်စီမှ မိတ်ဖက်ဆောင်ရွက်မှု ကန့်သတ်ချက်များဆောင်ရွက်နိုင်ရန် ဥပဒေအားအတည်ပြုပေးခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် မဟာပင်လယ်ကွေ့ဒေသ (Greater Bay Area-GBA) ရှိ ရှန်းကျန့် (Shenzhen) အစရှိသည့် ဒေသများထက် ဟောင်ကောင်ဒေသ သည် တရုတ်ပြည်မကြီးမှ ဘီလျံနာများ၏ ပထမဦးစားပေးရွေးချယ်မှုဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်အများစုမှာ GBA ၌ စက်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ တည်ထောင်ထားခြင်းဖြစ်ပြီး ဟောင်ကောင်ကုမ္ပဏီများစာရင်းတွင်ပါဝင်ကြောင်း၊ ဟောင်ကောင်၌ တရုတ်ပြည်မကြီးကုမ္ပဏီများ ရင်းနှီးမြှုပ်နှံခြင်းမှာ ဟောင်ကောင်နှင့်ရှန်းကျန့်တို့အကြား မြန်နှုန်းမြင့်မီးရထားဖြင့်သွားလျှင် (၁၄) မိနစ်ခန့်သာကြာမြင့်ပြီး၊ ဟောင်ကောင်- ရှန်းကျန့်နှင့် ကွမ်ကျိုးမြို့တို့အကြား သွားရောက်မှုမှာ (၄၈) မိနစ်ခန့်သာ ကြာမြင့်ကြောင်း၊ ဟောင်ကောင်၊ ရှန်းကျန့်နှင့်ကွမ်ကျိုးဒေသတို့၌ ဘီလျံနာ (၁၉၆) ဦးရှိရာ အဆိုပါမြို့များ မှာ ကမ္ဘာပေါ်ရှိ ဘီလျံနာအများဆုံး စုစည်းလျက်ရှိသည့် (၁၀) နိုင်ငံစာရင်းတွင်ပါဝင်ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ငွေကြေးဈေးကွက် ကောင်းမွန်သည့်အတွက် ရုံးများအခြေစိုက်ရာဒေသအဖြစ် ဆက်လက်တည်မြဲရန် အခွန်အကျိုးအမြတ်များနှင့် တရုတ်ပြည်မကြီးဈေးကွက်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုတိုးချဲ့ရန်လိုအပ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က " Hong Kong needs to lifts its regulatory game as China's billionaires eye Singapore for its stability, cost advantage" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## အိန္ဒိယနိုင်ငံ၌ ၁၈ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကုန်သွယ်ရေးပိုငွေပြမှုဖြစ်ပေါ်ခြင်း

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ ပထမသုံးလပတ်အတွက် ပြည်ပကုန်သွယ်မှုအခြေအနေ ခန့်မှန်းချက်စာရင်းအား ၁၅.၇.၂၀၂၀ နေ့၌ ထုတ်ပြန်ခဲ့ရာတွင် ဇွန်လပြည်ပကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာငွေ တန်ဖိုးအားဖြင့် ပို့ကုန်တန်ဖိုး၌ ၂၁.၉၁ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးတွင် ၂၁.၁၁ ဘီလီယံကျော် ရှိရာ ၁၈ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကုန်သွယ်မှုပိုငွေရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိုသို့ ပြည်ပကုန်သွယ်ရေးရှင်းတမ်းပိုငွေဖြစ်ပေါ်မှုနှင့်စပ်လျဉ်း၍ အိန္ဒိယ ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး Mr. Piyush Goyal က ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ Atmanirbhar Bharat ခေါ် ကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်ရေး ရည်မှန်းချက်အား သိမြင်နားလည်လာခြင်းက ပို့ကုန်ကဏ္ဍ၌ လျင်မြန်စွာပြောင်းလဲမှုဖြစ်ပေါ်ပြီး အိန္ဒိယအနေဖြင့် ဇွန်လ၌ကုန်သွယ်မှုပိုငွေ ရရှိသည့် မှတ်တမ်းကို ရေးထိုးနိုင်ခြင်းဖြစ်ကြောင်း ၎င်း၏တွစ်တာအင်တာနက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ပါ သည်။

သို့ရာတွင် လေ့လာဆန်းစစ်သူများကမူ ယခုကဲ့သို့သော အချိန်အခါမျိုးတွင် ပြည်ပကုန်သွယ်မှု၌ အပေါင်းလက္ခဏာပြခြင်းမှာ သတင်းကောင်းတစ်ရပ်ဟု ခေါ်ဆိုနိုင်ခြင်းမရှိကြောင်း၊ မျက်မှောက်ကာလ ကမ္ဘာ့စီးပွားရေးမှာ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်အပေါ်တွင် မူတည်နေပြီး ကုန်သွယ်မှုစီးဆင်းမှု၏ အစိတ်အပိုင်းများစွာသည် ဆင့်ပွားဖြစ်ပေါ်လာသည့် ဝယ်လိုအား၏ မောင်းနှင်တွန်းအားပေးမှုဖြင့် လည်ပတ်နေခြင်းဖြစ်ကြောင်း၊ ယခုကိစ္စရပ်တွင် သွင်းကုန်တန်ဖိုး ရုတ်တရက်လျော့ကျခဲ့ခြင်းမှာ ပြည်တွင်း၌ သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လုပ်ဆောင်နိုင်မှုကြောင့်မဟုတ်ပဲ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကျဆင်းမှုနှင့် လိုက်ဖက်ညီစွာဖြစ်ပေါ်သည့် အခြေအနေသာဖြစ်ကြောင်း ပြောဆိုလျက်ရှိကြသည်။ ကမ္ဘာ့ဘဏ်အဖွဲ့၏ WITS စာရင်းအချက်အလက်များအရ အိန္ဒိယနိုင်ငံ၌ သွင်းကုန်တန်ဖိုးစုစုပေါင်း၏ ၉၀% ခန့်သည် ကုန်ကြမ်းပစ္စည်းများနှင့် တစ်ပိုင်းတစ်စထုတ်ကုန်များ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်စည်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏စာရင်းများအရ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ပြည်ပကုန်သွယ်မှုမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးတွင် ၁၂.၄၁% နှင့် သွင်းကုန်တန်ဖိုး၌ ၄၇.၅၉% အသီးသီးလျော့ကျခဲ့ကြောင်းတွေ့ရှိရသည်။ ပို့ကုန် ကဏ္ဍတွင် ရေနံထွက်ကုန်၊ အထည်အလိပ်၊ စက်မှုအင်ဂျင်နီယာထုတ်ကုန်နှင့် ကျောက်မျက်နှင့်လက်ဝတ်ရတနာပစ္စည်းများ တင်ပို့မှုကျဆင်းခဲ့ပြီး သွင်းကုန်ကဏ္ဍ၌ ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စားသုံးဆီနှင့်ပဲမျိုးစုံတို့မှအပ ကျန်ရှိသောကုန်စည်အမျိုးအမည်များ တင်သွင်းမှုလျော့နည်းခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် အဓိကသွင်းကုန်များအနက် ရွှေတင်သွင်းမှုမှာ ၇၇.၄၂% အသီးသီး လျော့ကျလျက် တန်ဖိုး ဒေါ်လာ ၆၀၈ သန်းကျော်သာတင်သွင်းခဲ့ပြီး ရေနံထွက်ကုန်တန်ဖိုးမှာ ၅၅.၂၉% လျော့ကျလျက် ဒေါ်လာ ၄.၉၃၁ ဘီလီယံ၊ အီလက်ထရွန်းနစ်ပစ္စည်းများအား ၃၄.၀၅% လျော့နည်းလျက် ဒေါ်လာ ၃.၁၇၀ ဘီလီယံနှင့် ကျောက်မီးသွေးအား ၅၅.၇၂% လျော့ကျလျက် ဒေါ်လာ ၉၄၉ သန်း တန်ဖိုးသာ အသီးသီးတင်သွင်းခဲ့ကြောင်းတွေ့ရှိရသည်။

နိုင်ငံ၏စီးပွားရေးနယ်ပယ်၌ လိုလားဖွယ်ရာမရှိသည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၏ ဝယ်လိုအားကျဆင်းမှုကြောင့် သွင်းကုန်များလျော့နည်းလျက် ပြည်ပကုန်သွယ်မှုပိုငွေရရှိခြင်းမှာ ရေရှည်တည်မြဲမည် မဟုတ်သော်လည်း ကာလအခိုက်အတန့်တစ်ခုအထိ ဆက်လက်တည်ရှိ ဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်လျက်ရှိပါသည်။

Source: 1. June saw India make its first trade surplus in 18 years. But this isn’t good news, 17 Jul 2020, Hindustan Times

2. Trade balance turns surplus after 18 yrs, steep contraction in imports rings alarm bells, 15 Jul 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုသည် ဇွန်လအတွင်း ၆.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်မှာ ၁၆.၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့

စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၇ – ၇ – ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့်စာရင်းအရ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက (–) ၆.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ပို့ကုန်ပိုင်းတွင် (–) ၃.၆ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် (–) ၉.၉ ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့ကြောင်း သိရှိရပါသည်။ ကာလအလိုက်ညှိနှိုင်းထားသောစာရင်းအရ ဇွန်လတွင် ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၉.၆ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၄.၆ ဘီလီယံရရှိခဲ့သည့်အတွက် စုစုပေါင်းကုန်စည်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၇၄.၂ ဘီလီယံရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဇွန်လအတွင်း ကုန်သွယ်မှုကျဆင်းခဲ့သော်လည်း စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန် (Non-Oil Domestic Exports) မှာ ၁၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန်ကို အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်ဟူ၍ နှစ်မျိုးထပ်ခွဲထားပြီး၊ အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သော ပို့ကုန်မှာ ၁၄.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်သည် ၂၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်များတိုးတက်ခဲ့ခြင်းမှာ အထူးသဖြင့် ရွှေ (၂၃၈%)၊ အထူးထုတ်လုပ်ထားသော စက်ပစ္စည်း (၄၅.၉%) နှင့် ဆေးဝါးပစ္စည်း (၃၀.၈%) တို့ကို တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်တင်ပို့မှု တိုးတက်ခဲ့ခြင်းမှာ အဓိကအားဖြင့် Disk Media ပစ္စည်း (၅၉.၈%)၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများ (၃၇.၈%) နှင့် ICs (၂၉.၁%) တို့ကို ပိုမိုတင်ပို့နိုင်ခဲ့သောကြောင့်ဖြစ်ပါကြောင်း၊ အဆိုပါစက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန်များကို ဟောင်ကောင်၊ အင်ဒိုနီးရှားနှင့် ထိုင်းဈေးကွက်များမှလွဲ၍ စင်ကာပူ၏ အဓိကဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး၊ အထူးသဖြင့် ဂျပန် (၉၄.၇%)၊ ကိုရီးယား (၈၅.၆%) နှင့် ထိုင်ဝမ် (၃၂.၆%) ဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးဆဲဈေးကွက်များကိုမူ တင်ပို့မှု (–) ၂၈.၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီတင်ပို့မှုအပိုင်းတွင် အထူးသဖြင့် အီးယူ ၂၇ နိုင်ငံ (– ၉၂.၇%) ၊ အင်ဒိုနီးရှား (– ၇၁%) နှင့် မလေးရှား (– ၆၁.၅%) နိုင်ငံများသို့ တင်ပို့မှုလျော့ကျခဲ့သောကြောင့် ဇွန်လတွင် စင်ကာပူ၏ စက်သုံးဆီပို့ကုန်စုစုပေါင်းသည် (–) ၆၀.၈ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ သို့သော် စက်သုံးဆီမဟုတ်သောကုန်ပစ္စည်းများပြန်လည်တင်ပို့မှု (Non-Oil Re-exports) မှာ ယခင်လတွင် ဖြစ်ပေါ်ခဲ့သော (–) ၁၆ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အခြေအနေနှင့်ဆန့်ကျင်လျက် ဇွန်လတွင် ၅.၅ ရာခိုင်နှုန်း ပြန်လည်တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

Source: Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (28.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,000 | 10,500 | 10,000 | 2,419 | 24,242,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,800 | 3,800 | 3,750 | 3,004 | 11,307,150 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 40 | 880,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,750 | 2,750 | 2,700 | 7 | 19,150 | 19,977,223 | 53,939 |

## Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.56 | +10.42 | +2.40% | 435.45 | 444.56 | 434.14 | 5,471 | 36,456,500 | 6 | 661,491 |

## Index chart




# Market Overview

As of 1:00 pm, 28th Jul. 2020

| | |
|---|---|
| MYANPIX-1 | 444.56<br>10.42 |
| Total Volume (shares) | 5,471 |
| Total Value (MMK) | 36 mil |
| Listed Company | 6 |
| Market Cap. (MMK) | 661,491 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | 500 |
| MTSH | 00002 | 3,800 | 50 |
| MCB | 00003 | 8,200 | 0 |
| FPB | 00004 | 22,000 | 0 |
| TMH | 00005 | 2,750 | 0 |
| EFR | 00006 | 2,700 | 0 |